
စိတ်ကူးချိုချိုအနုပညာ



# ဂျာနယ်ကျော်မမလေး

## သုခုမအနုပညာရှင်

ဒုတိယအကြိမ်



mgyoe.com

# ဂျာနယ်ကျော်မမလေး

## သုခုမအနုပညာရှင်

mml0019
800.00 Ks

mgyoe.com

mgyoe.com

သုခုမအနုပညာရှင်၊ ဂျာနယ်ကျော်မမလေး
စာမျက်နှာ ၇၄ မျက်နှာ၊ ၁၂ ·၈စင်တီ × ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မတ်လ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၂၀၀၂၊ သီဟရတနာစာပေ၏ပထမအကြိမ်မူ၊

ရောင်းဈေး ၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# သုခုမအာနုပညာရှင်

## ဂျာနယ်ကျော်မမလေး

ဒုတိယအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

[ ၁ ]

ခုတင်မီးချောင်းရောင်များအောက်၌ရပ်ကာ ကျွန်မစီးရမည့်ရထားကို ပလက်ဖောင်းတစ်ဘက်က မျှော်ကြည့်လိုက်သည်။

ပြည်မြို့သို့ထွက်မည့်ရထားမှာ ခရီးသည်များကို အပြည့်တင်လျက် ထွက်ရမည့်အချိန်ကို ငံ့လင့်လျက်ရှိနေသည်။

ကျွန်မသည် ပလက်ဖောင်းကို ကျော်ဖြတ်လျက် လှေကားမှ ဆင်းခဲ့ကာ ပထမတန်းတွဲများ ချိတ်ထားသော နောက်တွဲများရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ ပထမတန်းတွဲများ၌ ချိတ်ထားသော နာမည်စာကတ်များကို လျှောက်ဖတ်ကာ ကျွန်မနာမည် ကပ်ထားမည့်တွဲကို ရှာရလေသည်။

ကျွန်မမှာ ခရီးသွားရင်း လမ်းတွင် စာရေးဖို့ရာ အလုပ်ပါလာခဲ့သည်။ ကျွန်မစီးမည့်တွဲ၌ ခရီးသည်များမပါရင် ကောင်းမှာပဲဟု အောက်မေ့ခဲ့သည်။ တစ်နေ့လုံးစီးရမည့်အတွက် တစ်နေ့လုံး ဝတ္ထု ထိုင်ရေးနိုင်ရန် အားခဲလာခဲ့သည်။

တွဲတစ်တွဲ၌ ချိတ်ထားသောနာမည်စာကတ်တို့ကို မကြည့်သေး တွဲထဲသို့လှမ်းမျှော်ကြည့်လိုက်သည်။ ခရီးသည်များ ထိုင်နေကြ

mgyoe.com

mgyoe.com


ကျွန်မစီးရမည့်တွဲလားဟု စိတ်အားလျော့လျော့နှင့်ပင် နာမည်ကတ်ကို ဆွဲယူကြည့်လိုက်သည်။

"ကြည်ကြည်ဌေး"

"မမလေး"

ကျွန်မနာမည်အထက်မှ ကြည်ကြည်ဌေးဆိုသောနာမည်ကို မြင်မြင်ချင်း ရုပ်ရှင်မင်းသမီး ကြည်ကြည်ဌေးပဲဟု တွက်ကာ တစ်နေ့လုံး ကျွန်မနှင့်အတူသွားမည့်ခရီးသည်သည် အနုပညာသည်တစ်ဦးဖြစ်သဖြင့် စိတ်ဝင်စားရမည့် ခရီးဟု တွေးထင်လိုက်သည်။

အသက်ခြောက်ဆယ်ကျော်အမယ်အိုနှင့် ဆေးပြင်းလိပ်ခဲထားသော လူဝဝမည်းမည်းတစ်ဦးမှာ ကျွန်မအား စိုက်ကြည့်လျက် အကဲခတ်နေဟန်တူသည်။ ခပ်ရွယ်ရွယ်မိန်းမနှင့် ကြည်ကြည်ဌေးမှာ အိပ်ပျက်လာကြပုံ၊ အိပ်စင်ဖြန့်ခင်းလျက် ရထားမထွက်ခင် လှဲခွေမှိန်းနေကြ၏။

ကြည်ကြည်ဌေးအား လှမ်းကြည့်လိုက်ကာ တစ်ဖက်မှကုလားထိုင်များကို အိပ်စင်အဖြစ် ဖြန့်ခင်းနေရာယူလိုက်သည်။

ကောင်းကင်၌ ဖြူရောင်သန်းစပြုချိန် ရထားလည်း ဘူတာရုံမှ ထွက်ခွာလာသည်။ အေးမြသောလေကောင်းလေသန့်နှင့် ဆုံတွေ့ကာ ကြည်လင်သာယာသော နံနက်ခင်းကို ခုံမင်နှစ်ခြိုက်စွာ ကြည်နူးလျက် ငေးမောနေလေစဉ် တစ်ဖက်မှ လှုပ်ရှားသွားသောသဏ္ဌာန်ကြောင့် အသာလှည့်ကြည့်လိုက်သည်။

"ဗိုက်ထဲက အောင့်လိုက်တာ"ဟု နှုတ်က ဆိုညည်းရင်း အပေါ်ထပ်အိပ်စင်ပေါ်၌ အိပ်ရန် လှေကားကလေးကို ခိုတွယ်တက်နေသော ကြည်ကြည်ဌေးနှင့် မျက်လုံးချင်း ဆုံမိကြလေသည်။

ပြည့်ဝိုင်းကြည်လင်သည့် မျက်နှာလေးမှ တောက်ပလှသော

mgyoe.com

mgyoe.com



မျက်လုံးအစုံတွင် ပြုံးစနဲ့ ပြုံးကြည်ဖြင့် ချို့မြမြမျက်နှာလေးကို တုံ့ပြန်ချိုသာ ကြည့်လျက် ရုပ်ရှင်၊ ပြဇာတ်များထဲတွင် အကြိမ်ကြိမ်တွေ့ဖူးခဲ့သော မူရာဟန်ပန်များကို ကွက်ခနဲ မြင်ယောင်လိုက်လေသည်။

သူ့ဇာတ်ကွက်ကို နိုင်နင်းစွာ သဘာဝကျကျ သယ်ယူတတ်နိုင်သော သူ၏ပညာစွမ်းရည်ကို ပြဇာတ်မှစတင်၍ စူးစိုက်ခဲ့၏။

သူ့အား ပွင့်သစ်စ ပညာသည်ကလေးဟု ထင်မှတ်ယူဆကြည့်လို့မရဘဲ ဝါရင့်ပြီးသားပညာသည်တစ်ဦးဟု စိတ်ထဲတွင် စွဲလမ်းယူဆထားသည်။ သူပါဝင်ကပြသော 'လင်းလုလုရောင်နီ' ပြဇာတ်ကို တစ်နေ့နေ့သူ့အားဖလင်ပေါ်၌ ထင်ပေါ်ကျော်ကြားစွာ မြင်ရဦးတော့မည်ဟု တထစ်ချတွက်ထားခဲ့သည်။

ကျွန်မမှာ ရုပ်ရှင်ပြဇာတ်များကို သွားရောက်ကြည့်သည့်အခါတိုင်း ဇာတ်လမ်းဇာတ်ကွက်ထက် ပညာသည်များ၏ ပင်ကိုအရည်အသွေးကို ပိုမို၍ အာရုံထား စူးစိုက်အကဲခတ်ကြည့်သော အကျင့်ပါနေသဖြင့် ရုပ်ရှင်ပြဇာတ်ကြည့်လျှင်ဇာတ်ကောင်တွေ၏ အမူအရာဟန်ပန်သဏ္ဌာန်ကို သက်သက်သွားကြည့်နေသည်နှင့် တူနေ၏။

အချို့အချို့သော ရုပ်ရှင်ပြဇာတ်မင်းသား၊ မင်းသမီးများ၏ အမူအရာ သရုပ်သဏ္ဌာန်မှာ ဇာတ်ကွက်၊ ဇာတ်ခန်းနှင့် မသိမသာ လွတ်ချော်သွားတတ်သည့်အချက်အလက်တွေကို ဂရုပြုလွန်း၍ ဖမ်းမိတွေ့ဆုံရပုံနည်းမျိုး ကြည်ကြည်ဌေး၏ လွတ်ကွက်၊ လစ်ကွက်ကို တွေ့မြင်ရခဲ့သောကြောင့် သည်လောက်ကိုယ်ရောစိတ်ပါ စွမ်းဆောင်သွားနိုင်သည့်အရည်အချင်း၊ တစ်သားတည်းကျ ညီနိုင်သောအသား သေပုံမျိုးမှာ သူ့တွင် အနုပညာအခြေခံ ရင့်သန်ပြီးသားဖြစ်၍သာဟု ဝေဖန်ချက်ချထားဖူးသည်။

ကျွန်မ၏ ဝေဖန်ဖူးချက်ကို သတိရရခြင်း သူ၏ ပညာအခြေခံ

mgyoe.com

mgyoe.com


အစကို သိလိုသည့်ဆန္ဒမှာ နေရင်းထိုင်ရင်း ပြင်းပြလာလေသည်။

တစ်ဖက်တွင် အိပ်မောကျလျက်ရှိသော အမယ်အိုး၏ရုပ်ပုံကိုစိုက်ကြည့်ကာ သူ့အမေနှင့်တူသည်ဟုထင်သည်။ အမယ်အို၏မျက်နှာမှာ ဖြစ်မိလျှင်ရှေ့သာတိုးပြီး နောက်ပြန်လှည့် မကြည့်မည့် ပိုင်းဖြတ်နိုင်သည့်မျက်နှာမျိုး၊ ထက်မြက်သောအသွင် ဆောင်သည်။ အသားအရေနူးညံ့ညက်ညော၏။ နီရဲသောလက်ဖဝါးတွင် စိပ်ပုတီးကို ဆုပ်လျက် အိပ်ပျော်နေသည်။

ပက်လက်ဆန့်လျက် အိပ်ပျော်နေသောလူဝဝကား ဒေါင်းတင်မောင်းတင် စိတ်ခတ်မျိုး ကိန်းဝပ်လျက်၊ ကြမ်းတမ်းခက်ထန်မယောင်ယောင်ဖြင့် နူးညံ့နေသည့် ကြန်အင်လက္ခဏာများလည်းရှိ၏။ ကြည်ကြည်ဌေးရဲ့ ခင်ပွန်းသည်ပဲဟုတွေးဆကာ ဆေးပြင်းလိပ်ကြီးပါးစပ်တပ်လျက် ပက်လက်ဆန့်ကာ ရင်ပေါ်လက်ပိုက်အိပ်ပျော်နေပုံမှာ ကြည်ကြည်ဌေး၏ခင်ပွန်းရုပ်မပေါက်ဘဲ သမီးကိုရင်အုပ်မကွာ အုပ်ထိန်းသောအဖေရုပ်ပေါက်နေ၏။

အထက်မှ အိပ်စင်ပေါ်တွင် တစ်ဖက်စောင်းအိပ်ပျော်နေသူကို ငေးစိုက်လျက် သူ၏တင့်ဆန်းပြည့်လျှမ်းသော တေးသံနှင့် မူရာသဏ္ဍာန်များသည် ဝဲကာပျံကာ၊ ကွေ့ပတ်ကာ မြူးကွန့်သီကျူးလှုပ်ရှားလျက် မြင်ကြားနေမိလေသည်။

အမယ်အိုသည် နိုးလာကာ ထ၍ထိုင်၏။ ရထားပြင်ဘက်လယ်ကွင်းများကို ငေးမောလျက် လွန်ခဲ့သောအတိတ်ကို သုခမစောင်းကြိုး၌တို့ခတ်ဖော်တီးလိုက်လေသည်။

"ဟိုစဉ်က . . . အမေတို့ နေခဲ့တဲ့ နေရာတွေပေါ့။ ပြည်ဒိစတြိတ်၊ လက်ပန်တန်းနယ်၊ မိုးအိုင်ရွာမှာ အမေတို့ လယ်လုပ်ခဲ့တာ၊ ဒီတော့ကြည်ကြည်ဌေးက ငယ်ငယ်ကလေးရှိသေးတာ။ သမီးကြီးတွေကတော့

mgyoe.com

mgyoe.com


"ကျွန်မ ဇာတ်မင်းသမီးပါ အစ်မကြီးရဲ့
ဇာတ်ထဲပြန်သွားမှာပေါ့ . . ."



ပြည်ရထားပေါ်တွင် စာရေးသူ ဂျာနယ်ကျော်မမလေးနှင့်အတူ . . .

mgyoe.com

mgyoe.com

သူ့အရိုးဇာတ်ထဲပါကြပြီ။ ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံဆိုတာ အမေ့ယောင်းမ၊ အဆိုကောင်း၊ အကကောင်း . . .”

ကျွန်မသည် အမယ်အိုရဲ့ သုခုမစောင်းသံမှ လွင့်ပျံလာသော ကြားရသမျှ၊ ခံစားရသမျှ၊ အာရုံများကို အသေးစိတ် အနုအပျော့ကလေးပင်ပါလေအောင် ခြယ်မှုန်းလျက်နေခိုက် ကြည်ကြည်ဌေးသည် လေ့ကားမှဆင်းသက်လာကာ မျက်နှာဝင်သစ်ခဲ့ပြီးနောက် ကျွန်မလိုအင်ဆန္ဒအတိုင်း သူ့ဘဝကို သူ့နေရာကလှာက ဝင်ပါလာသဖြင့် ကျွန်မ၏မှန်ကူကွက်ထဲ၌ ထွင်းထင်လာသော သူ၏မျက်နှာအမူအရာအသံ၊ ကိုယ်လက်ဟန်ပန် အကုန်ဝင်အောင် တတ်စွမ်းနိုင်သလောက် ခံယူထားလေသည်။

“ငါးနှစ်သမီးက စတာပဲဆိုပါတော့ အစ်မကြီးရယ် . . .”

ရထားသည် အရှိန်ပြင်းစွာ ခုတ်မောင်းနေ၏။ အပတ်ပေါင်းမရေမတွက်နိုင်အောင် ရထားဘီးလည်နေသကဲ့သို့ ကျွန်မ၏ဦးနှောက်မှာ မရပ်မနားလည်နေလေ၏။ ကျွန်မအနီးတွင် စုဝေးလျက်ရှိနေသော မိသားစုသည် ကျွန်မ၏မျက်လုံး၌ တစ်နေရာစီ၊ တသီးတခြားစီ ဖြစ်ချင်ဖြစ်လျက် ပျောက်မှုန်၍ မမြင်လိုက်၊ မြင်လိုက်လည်း ဖြစ်ချင်ဖြစ်လျက်၊ ကျွန်မ၏အနီးအနား၌ မရှိသော သက်ရှိသက်မဲ့ အရာဝတ္ထုများသည် မျက်စိရှေ့တွင် ပုံသဏ္ဍာန်အသွင်အပြင်အမျိုးမျိုး ပေါ်ချင်ပေါ်လျက် ထိုပုံသဏ္ဍာန်အမျိုးမျိုးတို့မှ ထွက်ပေါ်လာသောအသံဗလံများသည် တစ်ဖက်က မြည်ဟည်းနေလေသည်။

ရထားဘီးသံပေါ်ရာနောက်သို့ ရထားသည် ဥသြသံတွေနှင့် ထက်ကြပ်အတူ လိုက်ဘိသကဲ့သို့ပင် ကျွန်မ၏ အာရုံကို ကျွန်မ၏ မျက်စိကို၊ ကျွန်မ၏နားကို ခြယ်လှယ်စိုးမိုးနေသော အသံရှင်၏ ခေါ်ဆောင်ရာနောက်သို့ ထက်ကြပ်အတူလိုက်နေသော ကျွန်မမှာ မျက်လုံးထဲတွင် မြင်လာပုံအတိုင်း၊ နားထဲ၌ ကြားရပုံအတိုင်း၊ အာရုံထဲ ထင်ဟပ်လာ

mgyoe.com

mgyoe.com


ပုံအတိုင်း ဖော်စွမ်းနိုင်လေအောင် ဓာတ်ပုံရိုက်လိုက်၊ စုတ်တံတို့လိုက်၊ ကလောင်ခြစ်လိုက်၊ နားစွင့်လိုက်ဖြင့် . . .။

× × ×

ကင်စင်မီးများ ထွန်းလင်းလျက် ငွေချည်ထိုး ဒေါင်းငှက်ကြီးဖြန့်ကားထားသော ကန့်လန့်ကာနိကြီးနောက်၌ ငါးနှစ်သမီးအရွယ် ကလေးမပေါက်စလေးသည် ဓာတ်ခုံအောက်၌ ဗေထိ ဗေထိ မြည်ဟည်းလျက်ရှိသော ပွဲဦးထွက်ဆိုင်းသံဖြင့် စိတ်မာန်တက်ကြွစွာကားလိပ်ဖွင့်ကို စောင့်လင့်နေလေသည်။

ကလေးမလေးသည် သူနှင့်ယှဉ်ရပ်နေသော ပွဲဦးထွက်အပျိုတော်ကြီး၏ လက်ထဲမှကန်တော့ပွဲကို ခေါင်းလန်အောင် မော့ကြည့်လျက် ရင်ထဲ အောင့်သက်သက်ရှိ၏။

ကတောင်အင်္ကျီ၊ ဗလာထဘီ စသည့် ဇာတ်မင်းသမီးဝတ်တန်ဆာချင်း တစ်ပုံစံတည်းဆင်တူပါလျက် မိန်းမကြီးက တစ်ပန်းသာကာ ကန်တော့ပွဲကိုင်မ ထားခြင်း "ငါမှ မနိုင်ဘဲ ကိုင်ပစေဦး"ဟု တေး၏။

ဝီစီမှုတ်၊ ဂလိုင်ခေါက်လိုက်ကာ ကန့်လန့်ကာကြီး ပင့်လိပ်တက်သွားလျှင် သူ့အရပ်အမောင်းကလေးကို ကျော်တက်သွားသည်နှင့် လက်ကလေးကို ကွေးလျက်ချီလိုက်ကာ လက်ချီရာသို့ ဦးခေါင်းလည်စောင်းညွတ်လျက် ပွဲကြည့်ပရိသတ်များ မများ ဇာတ်ခုံပေါ်က အရင်အကဲခတ်ကြည့်လိုက်၏။

အပျိုတော်ပေါက်စလေးမှာ ပွဲကြည့်ပရိသတ်များမှ ကလို့ပိုအားရတတ်သည်။ ခုနစ်သံချီလျက် အပျိုတော်ကြီး ကနည်းကကြိုးအတိုင်းဆိုင်းချက်အကျ တစ်ထပ်တည်းတူအောင် လိုက်ကလေ၏။

ပြည်မြို့၊ ပန်းတောင်းဘက်၊ ငါးမျက်နှာဘုရားပွဲတော်၌ အပျိုတော်

mgyoe.com

mgyoe.com


လေးလုပ် ထွက်ကခဲ့သည့် ဇာတ်ထဲဝင်သော ငါးနှစ်သမီး မင်းသမီး ပေါက်စဘဝသည် ဤကစလေသည်။

မင်းသမီးပေါက်စလေး၏ မိဘများမှာ သဘင်သည်များမဟုတ်။ ကိုယ့်လယ် ကိုယ်လုပ်ကြသည့် လယ်သမားမျိုးရိုးစစ်စစ်ဖြစ်သည်။ ပေါက်စအဖေ၏ နှမမှာ လက်ပံတန်းနယ်ဘက်၌ အကျော်ဇေယျဇာတ် ပိုင်ရှင်ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံဖြစ်သည်။

ပေါက်စ၏မိခင် ဒေါ်အုန်းသည် ခင်ပွန်းသည်ကွယ်လွန်သွားပြီး နောက် သမီးလေးသုံးယောက်နှင့် သားများကျန်ရစ်ခဲ့သည်။ ဇာတ် ထောင်နေသူ ယောက်မ မင်းသမီးကြီး ဒေါ်စိန်ယုံ၏လက်ထဲ၌ ငွေစတွေ ဖွေးခနဲမြင်ရသောအဖြစ်မှ စတင်၍ စိတ်ဝင်စားစွာပင် ဖအေမရှိသော ငါ့ သမီးကလေးများ တောနေတောကြက်၊ တောင့်ကြက်ဖြစ်တော့မည်ဟု တွေးခေါ်လျက် သမီးကြီးမသိန်းရှင်ကို တစ်လရှစ်ဆယ်နှင့် ယောင်းမ ဇာတ်ထဲ ပညာသင်ထည့်လိုက်၏။ မသိန်းရှင်သည် ဇာတ်ထဲ၌ မင်းသမီး အောင်သိန်းရှင်ဖြစ်လာလျှင် ဒုတိယသမီးမခင်ညိုကို ဇာတ်ထဲဝင်ရန် နားချလေသည်။ မခင်ညိုမှာ ဇာတ်သဘင်ကို ဝါသနာမထုံ၊ စိတ်မပါ ၍ မျက်ရည်ဖြာဖြာကျကာ ငြင်းဆန်နေ၏။ မတတ်သာသည့်အဆုံးမှ မခင်ညိုဇာတ်ထဲ ဝင်ရသည်။ အငယ်ဆုံး သမီးကလေးမှာ အသက်လေး နှစ်ပြည့်သည်နှင့် အစ်မများကို အားကျမခံ အရီးလေး ဇာတ်အုပ်ဒေါ် စိန်ယုံထံ၌ အကသင်ကာ ငါးနှစ်သမီး၌ ဇာတ်ထဲတွင် ပွဲဦးထွက် အပျို တော် ပေါက်စလေး ဖြစ်လာလေ၏။

မင်းသမီး ဒေါ်စိန်ယုံသည် ကလေးနှင့်မလိုက် အရွယ်နှင့်မမျှ ပညာ ကို လိုလားစုံမက်သည့် ပေါက်စ၏ အသည်းနှလုံးထဲက ပါလာသည့် ဗီဇကို မြင်သည်နှင့် ဇာတ်ထဲတွင် ဖူးဖူးမှုတ်မြှောက်စားတော့သည်။

ပြောလို့သင်လို့ သွက်လက်လွန်း၍ ဇာတ်ထဲ၌ သားတော် သမီးတော်

mgyoe.com

mgyoe.com


လေးများ အခန်းတွင် ပေါက်စကို နေရာထားလိုက်သည်။ 'ဖိုးဦးတောင် သမိုင်း' ၌ ပေါက်စကို သားတော်ကလေးအသွင်တစ်ခန်း ထွက်က ခိုင်းသည်။

ကားလိပ်ကြား၌ မင်းသမီးကြီးသည် ပေါက်စအား တဖွဖွသင်ပြ နေ၏။

"အပြင်ကျရင် ငိုပြနော်၊ ကြားရဲ့လား။ မှတ်ထား၊ ဇာတ်ထဲမှာ ပြော ငို၊ ဆိုငို နှစ်မျိုးရှိတယ်။ ကဲ အရီးသင်ထားတဲ့ပြောငိုငိုကြည့်စမ်းပါဦး"

ပေါက်စသည် ချက်ချင်းငိုတော့မလို မျက်နှာပြောင်းလိုက်သည်။ ငိုမဲ့မဲ့မျက်နှာလေးနှင့် ရင်တွင်စည်းချပေးထားသော ပဝါစကို ဟန်ပါပါ ဆုပ်လိုက်ကာ ရင်ဘတ်ထုလျက် . . .

"ခုနစ်စင်းနေရောင် . . . ကမ္ဘာမီး . . . သားကြီးလောင်ပေါ့၊ မေမေရယ် . . . နောင်ထူမည့်အသစ် အမယ်မင်း . . . ကျုပ်လူပုံဖြစ်နိုင်ပါ့ မလား"

ပြောငိုအဆုံး ပဝါနှင့် မျက်နှာအုပ်ကာ ငိုချလိုက်သည့် တစ်ခဏ အရီးလေးသည် ပေါက်စကို ကုန်းပွေ့ဖက်လိုက်၏။

"အမယ်လေးတော် လိမ္မာလိုက်တာ၊ ငါ သင်တိုင်းရသဟဲ့"

အရီးလေးသည် အပြင်တွင် ပေါက်စ၏ ပြောငိုဆိုဟန်များကို ကား လိပ်ကြားက ရင်မ၍ ချောင်းကြည့်နေ၏။ သူ့အခန်းအပြီးပြေးဝင်လာ သော သားတော်ပေါက်စလေးအား ဆီးပွေ့လျက် ကြိုဆိုလိုက်သည်။

ကန့်လန့်ကာပြင်ဘက်မှ ပွဲကြည့်ပရိသတ်ကား သားတော်လေး အလွမ်းကောင်း၍ သူငါ အသီးသီး မျက်ရည်ဝဲနေကြပေ၏။

ပေါက်စ ခြောက်နှစ်သမီးအရွယ်တွင် ပရိသတ်၏နှုတ်ဖျား၌ တသသ စွဲမက်ကြရသည့် အခန်းကား လူဘိုင်စကုတ် မုဆိုးလင်မယား အခန်း ဖြစ်၏။ ခြောက်နှစ်သမီးနှင့် အသက်လေးဆယ်အရွယ် လူပျက် ပိန်ပိန်

mgyoe.com

mgyoe.com


ရှည်ရှည်ကြီးတို့ စုံတွဲထွက်ကြသည်။

ပေါက်စသည် ဆံပင်ကြက်တောင်စည်းလျက် မျက်နှာကို မျက်နှာချေဖွေးဖွေးလူးကာ ပါးကွက်ဝိုင်းထားသည်။ ဗိုက်တွင် အဝတ်များကိုခု၍ ကိုယ်ဝန်ဆောင်လုပ်ထားသည်။ ကလေးကော်ပတ်ရုပ်ကလေးပိုက်လျက် ဆေးပေါ့လိပ်ကြီး မီးညှိ၊ လက်ကြားညှပ်ကာ မုဆိုးမယားလုပ်ထွက်လာသည်။ မုဆိုးကတော် ဇာတ်သေတ္တာအပေါ် ဆောင့်ကြောင့်ထိုင်လိုက်သည်နှင့် ပွဲကြည့်ပရိသတ်၏ ဝါးခနဲ အုန်းအုန်းကျွက်ကျွက်ရယ်သံများမှာ မစဲနိုင်သဖြင့် ပတ်မတုတ်ယူရသည်။

"အစ်မကြီးရယ် . . . အဲဒီအရွယ်လောက်ကပဲ ကျွန်မဟာ မုင်သေနေပြီဗျ။ လင်မုဆိုးကြီးကို ဟောလိုမျက်စောင်းထိုးပြီး စူပြတတ်တာပရိသတ်ဆိုတာ ဝေါခနဲ . . . ဝေါခနဲပေါ့"

မျက်ခုံးရှုံ့ကာ မျက်စောင်းထိုးလျက် စူပုပ်ပြလိုက်သော ကြည်ကြည်ဌေး၏ မျက်နှာကလေးကို စိုက်ကြည့်လျက် ကျွန်မမှာ ဣန္ဒြေမဆည်နိုင်ဘဲ ရယ်မောမိသည်။

"အဲသလို လူကြီးနဲ့တူတောင် လုပ်နိုင်လို့ပွဲကျတာမြင်တော့ ဒါမှပညာဆိုတာ ဒီအရွယ်ကတည်းက ခေါင်းထဲဝင်သွားပြီလေ"

မုဆိုးကြီးသည် လေးနှင့်မြားကိုထမ်းလျက် မယားရှေ့တွင် ဆောင့်အောင့်နင်း လျှောက်ပြနေတာ ဇာတ်သေတ္တာနားတွင် ရုတ်တရက် ရပ်တန့်လျက် သံကုန်ဟစ်အော်လိုက်သည်။

"လင်တော်မောင် သားငါးရှာထွက်ခါနီး ဘာအလိုမကျလို့ စူနေရတာတုန်း ရှင်မရဲ့"

မုဆိုးကတော်သည် ဆေးပေါ့လိပ်ပါးစပ်ကိုက်ကာ ဗိုက်ကကိုယ်ဝန်ကို လူမြင်တောင်လှုပ်ပြလျက် တင်ပျဉ်ခွေပြင်ထိုင်ကာ ဒူးပေါ်တွင်လက်ထောက်၍ ဆေးလိပ်မီးခိုး တထောင်းထောင်းထအောင် ဖွာရှူပြီး

mgyoe.com

mgyoe.com


မုဆိုးမျက်နှာကို မျက်စောင်းထိုးကြည့်၏။

"သည်တုန်းက ကျွန်မပြောတဲ့ စကားတွေဟာ အဓိပ္ပာယ်ဘယ်လို မှန်း၊ ဘာပြောမှန်းဘယ်သိမလဲ။ ကန့်လန့်ကာအပြင်ဘက်ထွက်ခါနီး ခပ်ရှုပ်ရှုပ် ခပ်နောက်နောက် ဇာတ်ထဲက ယောကျ်ားကြီးတွေက၊ မိန်းမကြီးတွေ တစ်ယောက်တစ်ပေါက် ဝိုင်းသင်ပေးလွှတ်ကြတဲ့အတိုင်း အပြင်ကျတော့ ပါးစပ်က ဒီအတိုင်းထွက်တော့တာပဲ"

မုဆိုးကတော်သည် လက်ညှိုးတငေါက်ငေါက်နှင့် အော်ငေါက်ပြော၏။

"သမင် ဒရယ်သား မစားချင်ဘူးနော်၊ ကျုပ်က ဆတ်မှကြိုက်တာ၊ ကျုပ်အကြောင်း သိတယ်မဟုတ်လား"

ဇာတ်ထဲတွင် ငါးနှစ်၊ ခြောက်နှစ်အရွယ်ကလေးကဲ့သို့လည်း မနေ၊ ဘယ်သူက ဘာလုပ်ခိုင်းလုပ်ခိုင်း လုပ်ပြ၏။ စိတ်က သေသေဝပ်ဝပ် မဟုတ်။ ဆောင့်ကြွားကြွားနှင့် ဆတ်ဆတ်ကြဲဖြစ်နေလေသည်။

ကိုယ့်အခန်းမဟုတ်သည့်အခန်းများကို ကားလိပ်ကြားက ချောင်းကြည့်အတုခိုးနေ၏။ တစ်ညလုံးမအိပ်။ ပွဲပြီး၍ မိုးစင်စင်လင်းမှ မုန့်ဝဝစားကာ တစ်နေ့လုံး ထိုးအိပ်သော အကျင့်ဖြစ်နေသည်။

ဇာတ်ထဲက လူကြီးတွေရော အကုန်လျှောက်ပါကာ အကုန်လျှောက် ဩဇာပေးတော့သည်။ ကားလိပ်ကြားမှ ပွဲကြည့်နေရာက ဆိုင်းကြားထဲ ရောက်သွားပြန်ကာ ဝါးရိုက်၊ ကြေးနောင်တီးသူတို့အား "ရှင်ကြီးက ဘာဖြစ်လို့ အိပ်ငိုက်နေရတာလဲ။ မငိုက်ပါနဲ့၊ မိုးလင်းတော့ အိပ်ပေါ့။ အလုပ်ကို အလုပ်နဲ့တူအောင်လုပ်ပါ"ဟု ခါးထောက်ပြီး ဩဇာပေးတတ်သည်။

ဇာတ်ဆရာ အရီးလေးမှာ ပေါက်စထွက်ခါနီး သင်တာအကုန်ပါသဖြင့် မျက်နှာသာပေး မြှောက်စားထားသည်။ ဘယ်မြို့ ဘယ်ရွာသွား

mgyoe.com

mgyoe.com


ကက မြို့ထဲ အံ့ရပ်ထဲတွင် ပေါက်စ မင်းသမီးကလေးအကြောင်းသာ နှုတ်ဖျား၌ စမ်းပွင့်နေလျက် ပွဲတစ်ချီသွင်းပြီး 'ဟိုးဟိုးကျော်' သွားတော့သည်။

ရာဇဝင်၊ နိပါတ်၊ သမိုင်း၊ ဇာတ်ထုပ်များပြရာတွင် ဇာတ်သူ ဇာတ်သားများ ရွတ်ဖတ်ဆိုပြောကြသောသီချင်း၊ စာသား၊ ပတ်ပျိုး၊ သဖြန် စသည့် သဘင်ပညာကို နားရည်ဝနေကာ ဘယ်သူထွက်ကနေနေ ဆိုပြောငိုပြော စကားလုံးများ မေ့နေလျှင် ကန့်လန့်ကာကြားက သူက ထောက်ပေးလိုက်သေး၏။

အရိုးလေးကို ဝန်ကြီးထွက်လုပ်ချင်သည်ဟု ပူဆာလှ၍ သူ့အရွယ် ဝန်ကြီးအဝတ်အတိုင်း ချုပ်ပေးရကာ ဝန်တွေထွက်လျှင် သူကလေး နောက်တိုး ဝန်ပေါက်စအဖြစ် ပွဲထုတ်လိုက်၏။ ဝန်ကြီးများနောက် လိုက်ကာ ဝန်တစ်ပတ်လှည့်ကလေး၊ ဝန်က ကျကျနနကပြသွား၏။

ဇာတ်ထဲတွင် ကလေးရယ်လို့ အိုးပုတ်ကလေးနှင့် ဆော့ပြုနေခြင်း မရှိ။ ဇာတ်သူ ဇာတ်သားတွေ ဩဇာပေးလျှင်ပေးရ၊ မပေးရလျှင် အလကားမနေ။ ပါးစပ်က အမြဲသီချင်းဆိုကာ ငြိမ်ငြိမ်မနေ သူ့ပါးစပ်ဆိုင်းနှင့်သူ ကကာနေ၏။

သူ့အား ပွဲထဲတွင် 'တစ်ပင်တိုင်မင်းသမီးလေး' အဖြစ် အရိုးက ပွဲထုတ်ပေးခြင်းမှာ သုခုမအနုပညာ၏ အဆို၊ အက၊ နှစ်ရပ်စလုံးအရွယ်နှင့်မလိုက် ကနိုင်၊ ဆိုနိုင်ရန် ဖန်တီးပို့ပေးခြင်းဖြစ်ပေသည်။

တစ်ပင်တိုင်မင်းသမီးကလေးဘဝတွင် ပတ်စာပိုးဆိုကလျက် ပွဲကြည့်ပရိသတ်သနားအောင် တွတ်တီး တွတ်တာ ပြောလိုက်သေးသည်။ သူ့ အရွယ်ကလေးနှင့် မအေမုဆိုးမကို သဘင်ပညာနှင့် လုပ်ကျွေးနေရ သည့်အကြောင်း တီတီတာတာ ဖွဲ့နွဲ့ဆိုတတ် ပြောတတ် လွန်း၍ ပွဲကြည့် သူများက ဆုချကြသည်။ ကန့်လန့်ကာရှေ့တွင်

mgyoe.com

mgyoe.com


တွတ်တီးတွတ်တာ ပြောဆိုနေလျှင် ကန့်လန့်ကာနောက်တွင် အမေမုဆိုးမမှာ တရှုံ့ရှုံ့ငိုနေရ၏။

ဇာတ်ထဲဝင်တာနှင့် ညချင်းမွေး နေ့ချင်းကြီးလာသည့်အခါ ငါးနှစ်အရွယ် မင်းသမီးပေါက်စလေးသည် 'အောင်မြကျောင်' နာမည်နှင့် ကျော်ကြားသည့်ဘဝသို့ ရောက်လာတော့သည်။ ။

mgyoe.com

mgyoe.com



နိုင်ငံခြားဧည့်သည်များအား ဖျော်ဖြေနေစဉ် • •

mgyoe.com

mgyoe.com

[ ၂ ]

အောင်မြကျင် ရှစ်နှစ်သမီး၌ ဇာတ်မင်းသမီးကြီး ဒေါ်စိန်ယုံကွယ်လွန်သွားလေရာ ဇာတ်ခေါင်းကွဲသွားလေ၏။

ထိုအချိန်တွင် အစ်မများမှာ အိမ်ထောင်ကျကုန်ကြသည်။ ဇာတ်မင်းသမီး မလုပ်ချင်သော မခင်ညိုသည် ဇာတ်ထဲမှ ရုန်းထွက်ကာ ဒုတိယအရေးပိုင် ဦးစံဝကို လက်ထပ်လိုက်သည်။

အောင်မြကျင်တို့သားအမိမှာ ပခုက္ကူမှ ကိုဘချော၊ မမယ်အုံ့တို့ ထောင်သော ဇာတ်တွင် ပါသွားကြရသည်။ ထို့နောက် မင်းသား အမယ်ကြီးအို အောင်စိန် ဇာတ်ထဲပါရင်း စာရေးဆရာနရားပြန် ဆရာခနှင့် သွားတွေ့ကြ၏။

ဆရာခမှာ ရှစ်နှစ်သမီး အောင်မြကျင်ကို မြင်မြင်ခြင်းအပွေးမြင် အပင်သိကာ အောင်မြကျင်နှင့် ရွယ်တူတန်းတူအရွယ်သူငယ်ကလေး တစ်ယောက်ကို လိုက်ရှာလေသည်။

ညောင်ဦးအထက် လက်ပန်ချီပေါ်ရွာမှ 'ကြီးရွှေ' ခေါ် သူငယ်ကလေးတစ်ယောက် ရှာတွေ့၍ ကြီးရွှေအား အဆို အကရအောင် ဆရာခက ကြပ်မတ်၍ ပညာသင်ပေးကာ ပညာတတ်လျှင် အောက်ချင်းဖိုင့်က်

mgyoe.com

mgyoe.com


အမည်စွဲ၍ ကြီးရွှေကို အောက်ချင်းဖို၊ အောင်မြကျင်အား အောက်ချင်းမ အမည်ပြောင်းလျက် နှစ်ပါးသွားကစေသည်။

အောက်ချင်းမနှင့် အောက်ချင်းဖိုစုံတွဲမှာ မင်းသား၊ မင်းသမီး နှစ်ပါးသွားကြီးမထွက်ခင် နှစ်ပါးသွားလေး ထွက်ကကြရ၏။

"အပျိုစစ်ပါ . . . စစ်ပါ . . .
အစ်ကို ချစ်စရာ . . . ချစ်စရာ . . .
မြကျင်ပျိုကညာ . . .
စနစ်ကျကျနန အထအကြွနဲ့ ဂဏသေချာ
ပြည်ပြည်ရွာရွာ ကြေကြေညာညာ . . .
သြဘာနာမည် လင်းသော်ကြောင့် . . .
မင်းအပေါင်းတို့ဂုဏ်တင်ကာ . . .
သတင်းကောင်းစုံလင်စွာ . . . အဖေခစီမံရှာ . . ."

ရှစ်နှစ်သမီးက အောက်ချင်းဖိုနှင့် နှစ်ပါးသွားတွဲကစဉ် ဤသီချင်းကို ပတ်စားပိုးအဆို အသွားမျိုးဆိုလိုက်၏။

ရထားတွဲတွင် သူ၏တေးသံလေးကား ဝဲပျံ့လျက်ရှိနေသည်။ သီချင်းနှင့် တီးသည့် ဆိုင်းသံပါရောဖက်၍ နှစ်ချက်စည်းတီးလျက် ဆိုပြနေလေသည်။

"အပျိုစစ်ပါ စစ်ပါ
အစ်ကိုချစ်စရာ . . . ချစ်စရာ
မြကျင်ပျိုကညာ . . .
တယ် . . . တယ် . . . တယ် . . . ဂျိ"

ဝါသနာကြီးလွန်းသည့် သရုပ်မှာ ပေါ်နေလေသည်။ ဆက်၍ဆိုပြနေသော သီချင်းသည် လက်မမြှောက်ရုံ ကျန်တော့ကာ ဌာန်ရော၊ ဟန်ရော ပါလေ၏။

mgyoe.com

mgyoe.com


"အော် . . . တတ်တဲ့ပညာ မနေသာဆိုသလို ကျွန်မဝါသနာပါသည့်အတွက်ကယ်ကြောင့် . . ."

"ဒူ . . ."

"အဲဒီလိုဘာဂီတွေ မပျက်နိုင်လို့ မရှက်မကြောက်နဲ့ ကရပေတာ၊ ဘယ့်ကလောက်မှမလှတာတောင်၊ အကြောင်းကံက နည်းလေတော့၊ ကောင်းလှတယ်လို့တော့ မဟုတ်ပါဘူး ရှင်တို့ရဲ့၊ အစ်ကို အစ်မတို့ အပျင်းဖြေစရာ၊ ကျွန်မဆိုပြမယ့်သီချင်းတွေဟာ၊ နမူပိုင်ပိုင်နဲ့လည်း ကခဲ့ပါသရှင် . . .၊ ဇူလိုင်လကမှ ရေးစပ်လို့ ပေးအပ်သေချာ၊ အမေးအကပ်နဲ့ နဝင်သားစရာ ယခုနှစ်တော့ ပညာကလည်း နုသေးတာကိုတော့ အစဉ်ညှာတာလို့ ရှုကြပါတော့။ တစ်ဆိတ်ကြီးပွားလို့ မြန်မကြာ၊ နိဿရည်းရလောက်ပါ အမှန်ပါ။ အလုံးအထည်ကလည်း မထွားသမို့ အများတို့ ကြိုက်စရာအားစိုက်မှာ တိုးပွားဖို့ ရှေ့လျှောက် ကြိုးစားသင်ဦးမှာ . . ."

ကျွန်မမှာ သီချင်းသံကို အာရုံပြုလျက်နေရာမှ ကလေးဘဝက ရှင်မြူးစွာ ဆိုကနေသော ကလေးမျက်နှာအတိုင်း ထားဆိုပြနိုင်ခြင်းကို အံ့ဩမိလေသည်။

"ကျွန်မ ဝါသနာပါသည့်အတွက်ကယ်ကြောင့် 'ဒူ' ဆိုတဲ့အသံက ဘာလဲ"

သီချင်းအစကြားရသည့်အသံကို သီချင်းအဆုံး မေးကြည့်လိုက်သည်။

"ကျွန်မ ဝါသနာ ပါသည့်အတွက်ကယ်ကြောင့် 'ဒူ . . .'၊ အဲဒါ မောင်းသံအစ်မကြီးရဲ့ ဒီအချမှာ မောင်းက ထုလိုက်တာ"

နောက်ထွက်မင်းသား မင်းသမီးများ ကကွက်၊ ဆိုကွက်မကျန်ရှိအောင် ရှေ့ကနေ အစွမ်းကုန်ကြဲသွားတတ်သဖြင့် သူတို့စုံတွဲထွက်ခါနီး မင်းသား၊ မင်းသမီးကြီးများက "တို့သေမင်းလေးတွေတော့ထွက်ပြီ"

mgyoe.com

mgyoe.com


ဟု ဝိုင်းညည်းကြတော့၏။

အောက်ချင်းမသည် ငှက်မသဏ္ဍာန် စက်ကြိုးနှင့်ထွက်ကရာ အဆိုအက ပိုင်လွန်း၍ ပရိသတ်စွဲမက်ကြရာတွင် အောက်ချင်းမကို ပီပီပင် မခေါ်ဘဲ အောင်ချင်းမခေါ်ကြသဖြင့် အောင်ချင်းမဟု ထင်ပေါ်ကျော်စောနေတော့၏။ ရှစ်နှစ်သမီးအရွယ် အောင်ချင်းမဘဝနှင့် ပုဂံ၊ ညောင်ဦး၊ မကွေး၊ ချောက်၊ စလင်း၊ စကုစသည့် အထက်မြို့များကို လှည့်ကပြနေကြကာ ပြည်မြို့သို့ရောက်လျှင် မိုးကျ၍ ဇာတ်ခေါင်းခွဲလိုက်ကြရသည်။

ရထားသည် ဘူတာစဉ် ရပ်လိုက်၊ ထွက်လိုက်ဖြင့် အရှိန်ပြင်းစွာ ခုတ်မောင်းနေလေ၏။ ကြည်ကြည်ဌေး၏ ခင်ပွန်း ဦးအောင်သိန်းမှာ ဇနီးသည်၏ ပြောသမျှ ငေးနားထောင်နေသည်။ ဆေးပြင်းလိပ်ကို မချွတ်ဘဲခဲထား၏။

အမေအိုသည် ဆိတ်ငြိမ်စွာ စိပ်ပုတီးစိတ်နေရာက စိပ်ပုတီးကို လည်တွင်ဆွဲလျက် ဆေးလိပ်ကောက်ယူဖွာလေ၏။

"ဒီတုန်းကသမီးရယ်၊ သူများဇာတ်ထဲလိုက်ရတာ အောက်ကျတယ်လို့ထင်လာတယ်။ ဇာတ်ဆရာဆီ ပိုက်ဆံတောင်းရတာ အိပ်နေသေးတယ်၊ နေဦးဆို စောင့်နေရတာ။ ယောက်မမင်းသမီးကြီး ဇာတ်ပစ္စည်းတွေက ကျန်ခဲ့တော့ အဲဒီပစ္စည်းတွေနဲ့ အမေဇာတ်ခေါင်းလုပ်ပြီး ကလေးဇာတ်ထောင်တော့တာပဲ"

ဒေါ်အုန်းမှာ သမီးကလေး အားကိုးအားထားပြုလျက် ဇာတ်ထောင်လိုက်လေသည်။ အောက်ချင်းမနှင့် ရွယ်တူကလေးမင်းသား လိုက်ရှာရလေသည်။

အောင်ချင်းမသည် သူနှင့်ရွယ်တူ 'မြန်မာ့ဝန်ထမ်း မောင်ဟန်စိန်' မင်းသားကလေးနှင့် တွဲဖက်ကသည်။ ကလေးဇာတ်ကို အောက်ချင်းမ

mgyoe.com

mgyoe.com


က ဇာတ်စီးလေသည်။ ကလေးဇာတ်ထဲတွင် ဝန်ကြီးနှင့် လူကြမ်းများကိုသာ လူကြီးများထားလျက် တစ်ဇာတ်လုံး ကလေးများဖြစ်ကြသည်။

မင်းသမီးအောက်ချင်းမမှာ ငယ်စဉ်ကတည်းက သဏ္ဌာန်လုပ်သရုပ်တူရမည်ဟု သူ့ခေါင်းထဲက စွဲလာသည့်အတိုင်း လွမ်းခန်းများတွင် လူကြမ်းက သူ့ကိုပါးရိုက်လျှင် တကယ်ရိုက်ရမည်ဟု မှာထားသည်။

အောင်ချင်းမသည် လဲ၍သွားလေ၏။

လူကြမ်းက ပါးရိုက်ရမည့်အခါ လက်နှင့်မရိုက်ဘဲ "ပါးပြင်ဝါးတင်သွားစဉ်ကရှော့"ဟု ဒါချည်းထပ်ကာထပ်ကာဆိုနေသဖြင့် လဲနေရာက "အဲသလိုလုပ်နေတော့ ကျုပ်က ဘယ်လိုငိုရမှာလဲ" ဟု ပွဲကြည့်ပရိသတ်မသိအောင် လူကြမ်းကို မကြားတကြားကြိမ်းလိုက်မှ ဖြောင်းခနဲမြည်အောင် ချတော့သည်။

"သနားလိုက်ပါရှင် . . . ပါးရိုက်တာ မတော်လှသော်ကြောင့်၊ မျှော်ဆကာ အကြောင်းကံနှင့် တောင်းပန်သည့်စကား . . ."

သူသည် လူးလဲ၍အထ လူကြမ်းက ပါးချလိုက်သည်နှင့် တစ်ပြိုင်နက် ပါးကိုပွတ်ကာ လှိုက်လှိုက်လှဲလှဲ ငိုချင်းချလိုက်လေသည်။

အောင်ချင်းမတို့ ကလေးဇာတ်မှာ ဇာတ်ပွဲကြီးများနည်းတူ ရာဇဝင်၊ သမိုင်းဇာတ်များ ကပြလျက် အရပ်လေးမျက်နှာ လှည့်ကကြ၏။ ချောင်းသမိုင်း၊ သခ်ဝိလိယဇာတ်များကို ကိုယ်တိုင်ဦးစီး၍ ကလေ၏။ မင်းသမီးအကန်းလုပ်၊ အရူးလုပ်တန်ဆာချွတ်သည့် အကမျိုးကို ထူးချွန်အောင်ကြိုးစားကလေသည်။

ဇာတ်ထဲ၌ ဝန်ကြီးများကို အငိုခိုင်းသည်၊ ငိုရမည့်အလုံးကို သူကသင်ပေးသည်။

"ရှင်တို့ဟာ ဆိုင်းက တိန်–တိန်–တိန် ဆိုတော့ ရှင်တို့ အကျီ

mgyoe.com

mgyoe.com


ဖားဖားနဲ့ မျက်နှာကာလိုက်တာနဲ့ ဒါငိုတာလားရှင့်။ အရုပ်လို မငိုစမ်းပါနဲ့၊ နှာလေးများ ဟန်နဲ့ဘာနဲ့ ညှစ်ပြကြစမ်းပါဦး"

တစ်ဇာတ်လုံးကို သူချည်းသင်ပြောသဖြင့် မင်းသားကလည်း သူ့ကိုသြဇာပေးသည်၊ မကနိုင်ဘူးဆိုတာ ဇာတ်ထဲက ထွက်သွားတော့၏။ ဇာတ်ကို သူစီးပြီး သြဇာပေးလွန်းသည်ဟု နာမည်ထွက်မှုကြောင့် မင်းသားခေါ်မရဘဲဖြစ်ကာ ဇာတ်နားထားရ၏။

အောင်ချင်းမ ၁၃ နှစ်အရွယ်တွင် နယားပြန် ဆရာခတို့ဇာတ် ပြည်မြို့သို့ ရောက်လာ၍ဆုံမိကြသည်။ ဆရာခမှာ သူ့မင်းသားလေး အောင်ချင်းဖိုနှင့် ဖိုးကွက်စိန်၊ ဒီးဒုတ်စိန် မင်းသမီးနှစ်လက်ရှိပြီးဖြစ်၏။ ဆရာခက သူ့ဇာတ်ထဲ ပြန်လိုက်ရန်ခေါ်သော်လည်း သူ့မှာလည်း ဇာတ်တစ်စင်ထောင်ပြီးသားဖြစ်နေ၍ ဇာတ်ဖြုတ်ကာ မလိုက်နိုင်။ သူနှင့်တွဲကရန် မင်းသားရှာရဖို့သာ အရေးကြီးနေ၏။

ဆရာခက ပြောမရသည့်အဆုံး မင်းသားသူရှာပေးမည်။ သူနှင့်လိုက်ခဲ့ဟုခေါ်လေ၏။ သားအမိနှစ်ယောက်သည် ဇာတ်ပစ္စည်း၊ ဇာတ်သူဇာတ်သားများ စုစည်းကာ လှေကြီးတစ်စင်းဖြင့် မင်းသားရှာရန် ဆရာခနောက်သို့ လိုက်ကြလေ၏။

ဆရာခ၏ ဇာတ်လှေကြီးနှင့် သူတို့လှေကြီးနှစ်စင်းယှဉ်ကာ ပြည်မှထွက်လာကြသည်။ လမ်းတွင် ထုံးဘို၊ သလဲတန်း စသည့် အရပ်များတွင် မြစ်ဆိပ်၌ လှေဆိုက်၍ ဆရာခတို့ဇာတ်တက်ကကြလျှင် သူတို့လှေလည်း မြစ်ဆိပ်ဆိုက်ထားရ၏။

ဆရာခက ခဏဝင်ကူပါဦးဆို၍ ဆရာခတို့ဇာတ်ထဲ ဝင်ကူပေးရသည်။ ရုတ်တရက် ကူရသဖြင့် ဇာတ်လည်းမတိုက်ရ၊ သီချင်းစာလည်း မရဖြစ်နေရာ ဆရာခက "က။ သာကပါ။ နင်ရှေ့ကပြော၊ ငါက ကန့်လန့်ကာကြားက ထောက်မယ်"ဟု ပြော၍ မြစ်ဆိပ်က တက်ကာ

mgyoe.com

mgyoe.com


လေသည်။

"အမေ စူဠသုဘဒ္ဒါ လုပ်ရမယ်တဲ့၊ အဲဒီဇာတ်ထုပ် ပြောပြစမ်းပါ"

အောင်ချင်းမအမေသည် သမီးလေး ညဇာတ်ဝင်ကနိုင်ရန် မြစ်ဆိပ်လှေထဲတွင် ဆဒ္ဒန်ဆင်မင်း ဇာတ်နိပါတ်ကို ပြောပြရသည်။ အောင်ချင်းမအား 'မယားငယ် လုပ်ရမှာဟဲ့'ဟု အမေက ဆိုသောစကားကို မှတ်ထားလိုက်လေ၏။

အောင်ချင်းမသည် မယားငယ်အခန်းကို ကြိုးစားပမ်းစား ပရိသတ်ကြိုက်အောင် ကပြသည်။ မင်းသားကြီး ဆရာခက မုဆိုးလုပ်လေ၏။ ကန့်လန့်ကာနောက် ဆရာခက သီချင်းထောက်ပေးရသည်။ အတူပြိုင်ထွက်နေကြလျှင် ပတ်ပျိုးရှို၊ သဖြန်ရှိတာပဲဟု လက်တန်းထွင်တော့၏ ။

ခြောက်နှစ်သမီးလေးမှ ၁၃ နှစ်အတွင်း ဂီတဘက်တွင် အခြေခံနှံ့စပ်လည်ပတ်လာလေသည်။ မဟာဂီတစာအုပ်ကြီးအပြင် ဇာတ်စာအုပ်ကလေးများကိုဝယ်ကာ မျက်နှာမခွာ ဖတ်လျက် ပတ်ပျိုး၊ တေးထပ်၊ သဖြန်၊ လေးချိုး၊ ဒိုချင်းများ၏ စာသားကြိုက်လျှင် အရကျက်ထားလေသည်။

ထိုအချိန်၌ 'ရတု' ကို ငါးပေါက်ဆိုချင်မှ ဆိုလျက် နားတတ်သလိုလေးပေါက်ကပ် သို့မဟုတ် နှစ်ပေါက်ကပ်အသံသွင်း ဆိုချင်ဆိုနေလေသည်။

ခန်းတွင်းရိပ်သာပတ်ပျိုးကို တစ်ပင်တိုင်မင်းသမီးလေးဘဝတွင် ဆိုလာခဲ့သည်။ ဤပတ်ပျိုးကိုပင်လွမ်းခန်း၌ စည်းမပါဘဲ ဒိုချင်းဆိုချင်လည်း ဆိုလိုက်သည်။ အမြှော်ဆိုချင်လည်း ဆိုလိုက်သည်။ တေးထပ်ကို ဒိုချင်းလုပ်ဆိုနေလျှင် ဆိုင်းက စည်းလွှတ်ပေးလိုက်ရလေသည်။

ဖွဲ့နွဲ့ပြောကာ ပွဲကျအောင် သုဘဒ္ဒါ လွမ်းလေတော့သည်။ ဒိုချင်း

mgyoe.com